KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဒီဇင်ဘာလ ၁၆ရက်, ၂၀၂၁ခုနှစ် /KHRG စာအမှတ်- 21-299-I1

---

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ဒွယ်လိုးမြို့နယ်အတွင်း မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိ, ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၁ခုနှစ်၊ စက်တင်ဘာလတွင် မူတြော် (ဖာပွန်) ခရိုင်၊ ဒွယ်လိုးမြို့နယ်၌ဖြစ်ပွားခဲ့ပါသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ က--- ကျေးရွာတွင်နေထိုင်ကြသော ရွာသားများသည် တိုက်ပွဲများ၊ လက်နက်ရမ်းသန်းပစ်ခတ်မှုများနှင့် ဒေသတွင်းမြေမြှုပ်မိုင်းများတည်ရှိနေခြင်းတို့ကြောင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရသည်မှာ လအနည်းငယ်ကြာမြင့်နေပြီးဖြစ်ပါသည်။ အခြားသောကျေးရွာများ၌ နေစဉ်တွင် ငွေကြေးအခက်အခဲများရင်ဆိုင်ကြရသဖြင့် အိမ်ထောင်စုအချို့သည် အန္တရာယ်ရှိသည်ဖြစ်သော်လည်း က---ကျေးရွာသို့ပြန်လာခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့ နံနက် ၇း၀၀ နာရီတွင် က--- ကျေးရွာတွင်ပြန်လည်နေထိုင်သောရွာသားတစ်ဦးသည် ၎င်း၏ကျေးရွာအနီးရှိချောင်းတွင်ထောင်ထားသော ပိုက်ကွန်ရှိငါးများကို သွားဖော်ယူနေစဉ်မြေမြှုပ်မိုင်းတစ်လုံးအား နင်းမိခဲ့ပါသည်။ ပေါက်ကွဲမှုကြောင့် ၎င်း၏ခြေထောက်များ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ညာဖက်ခြေထောက်ကို ဖြတ်တောက်လိုက်ရပါသည်။ မည်သည့် လက်နက်ကိုင်တပ်ဖွဲ့များမှ ဤမြေမြှုပ်မိုင်းအားထောင်ထားသည်ကို မြေမြှုပ်မိုင်းထိမှန်သူနှင့် ၎င်း၏ဇနီးတို့မှ သေချာစွာမသိကြပါ။* [1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| အခင်းဖြစ်ပွားမှုအမျိုးအစား | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| အခင်းဖြစ်ပွားသည့်နေ့ရက် | ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့ |
| အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ က---ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ |
|---|

[1] ဤအစီရင်ခံစာသည် ၂၀၂၁ခုနှစ်၊ ဩဂုတ်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| | |
|---|---|
| အမည် | စောဘ--- |
| အသက် | ၄၇ |
| ကျား/မ | ကျား |
| လူမျိုး | ကရင် |
| မိသားစုရှိ/မရှိ | ရှိ |
| အလုပ်အကိုင် | ကျပန်း |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ က---ကျေးရွာ |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ဝန်ထမ်းတစ်ဦးမှ မြေမြှုပ်မိုင်းထိမှန်သူ၏ ဇနီးအားဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှု ပြုလုပ်ခဲ့ပြီး မြေမြှုပ်မိုင်းဖြစ်စဉ်ကို ပြောပြခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| သတင်းအချက်အလက်ကို ပြောပြသူမှာ မြေမြှုပ်မိုင်းထိမှန်သူ၏ ဇနီးဖြစ်ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ က---ကျေးရွာရှိရွာသားများသည် လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တို့ကြား ဆက်လက်ဖြစ်ပွားသောတိုက်ပွဲများကြောင့် နေရပ်ရွှေ့ပြောင်းနေရသည်မှာ လေးလကြာမြင့်နေပြီးဖြစ်ပါသည်။ ရွာသားအများစုသည် အခြားသောကျေးရွာများတွင်နေစဉ်အတော်အတွင်း အချို့ရွာသားများ (အိမ်ခြေလေး သို့မဟုတ် ငါးအိမ်ခန့်)သည် ငွေကြေးအခက်အခဲကြောင့် က--- ကျေးရွာသို့ပြန်လာခဲ့ကြပါသည်။<br><br>အသက် ၄၇ အရွယ်ရှိ စောဘ--- နှင့် မိသားစုသည် က--- ကျေးရွာသို့ပြန်လာသောသူများထဲတွင် အပါအဝင်ဖြစ်ပါသည်။ “ကျွန်မတို့နေရပ်ရွှေ့ပြောင်းတဲ့နေရာမှာ အခက်အခဲတွေနဲ့ကြုံရတယ်။ အခြားကျေးရွာမှာနေတဲ့အတော်အတွင်း ကျွန်မ |

တို့မှာ ဝင်ငွေတစ်ပြားတစ်ချပ်မှမရှိဘူး။ အစစရာရာ ကျွန်မတို့ဝယ်စားရတယ်။ ဒါ့ကြောင်း အခြားရွာတစ်ရွာမှာ ကျွန်မတို့မနေချင်ဘူး။ ဒါကြောင့် ကျွန်မတို့ကျေးရွာမှာ ပြန်လာနေတယ်။" ဟု စောဘ--- ၏ ဇနီးဖြစ်သူ နော်ဂ--- မှပြောပြခဲ့ပါသည်။ ၎င်းတို့မှ က---ကျေးတွင် ပြန်လည်နေထိုင်ကြသော်လည်း လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုနှင့် ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ခရီးသွားလာရေးအကြပ်အတည်းရှိနေဆဲဖြစ်ပါသည်။ စောဘ--- သည် အခြားသူများကဲ့သို့တစ်နေ့လုပ်တစ်နေ့စားသာမန်ရွာသား တစ်ဦးဖြစ်ပါသည်။ စောဘ--- သည် က---ကျေးရွာတွင် ပြန်လည်နေထိုင်ပြီးနောက် အလုပ်အကိုင်မရှိပါ။ ထို့ကြောင့် မိသားစုစားဝတ်နေရေးအတွက် (စားရန်နှင့်ရောင်းရန်) ညဖက်တွင်ချောင်းထဲ၌ထောင်ထားသည့် ပိုက်ကွန်မိငါးများအား မနက်တိုင်းသွားရောက်ဖော်ယူပါသည်။

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့ နံနက် ၇း၀၀ အချိန်တွင် စောဘ--- သည် ၎င်းရွာ၏အနီးရှိယွန်းစလင်းမြစ်တွင်ထောင်ထားသည့်ပိုက်ကွန်တွင်မိသည့်ငါးများကို သွားယူစဉ် မြစ်ကမ်းဘေးတွင်ထောင်ထားသည့် မြေမြှုပ်မိုင်း တစ်လုံးကိုနင်းမိခဲ့ပါသည်။ ပေါက်ကွဲသံ ကြားသည်နှင့်တစ်ပြိုင်နက် စောဘ--- ၏ယောက်ဖဖြစ်သူနှင့် အခြားသောရွာသားများ အခင်းဖြစ်ပွားသည့်နေရာသို့သွားခဲ့ကြပြီး စောဘ--- သည်ထိခိုက်ဒဏ်ရာရရှိနေသည်ကို တွေ့ခဲ့ကြသည်။ ထို့နောက် စောဘ--- ၏ ယောက်ဖမှ ၎င်းအား ဖာပွန်မြို့ရှိ SAC စစ်တပ်ဆေးရုံသို့ချက်ချင်းပို့ဆောင်ခဲ့ပါသည်။

ခရီးသွားလာရေးတင်းကြပ်မှုများကြောင့် ၎င်းတို့သည် စောဘ---အား က---ကျေးရွာမှ ဖာပွန်မြို့ရှိဆေးရုံတွင် ဆေးကုသမှုခံယူရန် လှေငှား၍ ပို့ဆောင်ခဲ့ကြသည်။ က--- ကျေးရွာမှ ဖာပွန်မြို့သို့ လှေဖြင့်သွားရာ၌ နှစ်နာရီခန့်ရှိပြီး လှေငှားခ ၅၀၀၀၀ ကျပ်ပေးရပါသည်။ မြေမြှုပ်မိုင်းထိမှန်သူ၏ ဇနီးဖြစ်သူ နော်ဂ--- သည် ခင်ပွန်းသည်အား ဖာပွန်မြို့ရှိSAC စစ်တပ်ဆေးရုံတွင် လိုက်ပါစောင့်ရှောက်ရန်အတွက်ခွင့်ပြုချက်မရခဲ့ပေ (အမျိုးသားလူနာအားအမျိုးသားမှစောင့်ရန်နှင့် အမျိုးသမီးလူနာအား အမျိုးသမီးမှစောင့်ရန် စည်းမျဉ်းစည်းကမ်းရှိသောကြောင့်ဖြစ်သည်)။ သို့အစား ယောက်ဖဖြစ်သူမှ ၎င်းအား လိုက်ပါစောင့်ရှောက်ပေးခဲ့ပါသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် စောဘ---သည် ခြေထောက်နှစ်ဖက်စလုံးတွင် ဒဏ်ရာရရှိသွားခဲ့ပြီး ၎င်း၏ ညာဖက်ခြေထောက်ကိုဖြတ်တောက်ခဲ့ရပါသည်။ ဘားအံမြို့ရှိဆေးရုံတွင်စောဘ--- သည် ငါးရက်ကြာနေခဲ့ရပါသည်။ ထိုတွင်နေစဉ် ဆေးဝါးကုသမှုစရိတ်များစွာ ကုန်ကျခြင်းမရှိသော်လည်း ခရီးသွားလာရေးနှင့်အစားအစားစရိတ်သာကုန်ကျပါသည်။

၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့တွင် စောဘ---အား ဖာပွန်ဆေးရုံမှ ဘားအံဆေးရုံသို့ ရွှေ့ဆက်ဆေးဝါးကုသမှုခံယူရန်လွှဲပြောင်း ပေးခဲ့ပါသည်။ တိုက်ပွဲကြောင့်လမ်းပိတ်စို့၍ ၎င်းအားကုန်လမ်းဖြင့် ဖာပွန်မြို့မှ ကမမောင်းမြို့သို့မပို့ရန်မဖြစ်နိုင်သောကြောင့် လှေငှားပြီး ကမမောင်းမြို့သို့သွားခဲ့ပါသည်။ ထို့နောက် ကမမောင်းမြို့မှ ဘားအံမြို့ရှိဆေးရုံသို့ ၎င်းအား ကားဖြင့်ပို့ဆောင်ခဲ့ပါသည်။ ဘားအံဆေးရုံတွင် ရှိစဉ်ဆေးဝါးကုသမှု ၁၀၀၀၀ မှ ၁၅၀၀၀ ကျပ်ကုန်ကျပါသည်။ ထို့ပြင် နောက်ထပ်ခွဲစိတ်ကုသရန်အတွက် ၁၀၀၀၀၀ ကျပ်ကုန်ကျပါသည် (ဖာပွန်မြို့တွင် ၎င်း၏ညာဖက်ခြေထောက်အားကောင်းမွန်စွာခွဲစိတ်ကုသမှုမရှိသဖြင့် ဘားအံဆေးရုံတွင် နောက်ထပ်ခွဲစိတ်ကုသမှုခံယူရပါသည်)။ စောဘ---သည် ဘားအံဆေးရုံတွင် ၁၈ ရက်ကြာနေခဲ့ပါသည်။

၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၁၈ရက်နေ့တွင် စောဘ--- သည်ဘားအံဆေးရုံမှ ဆင်းခဲ့ပါသည်။ ဆရာဝန်မှ စောဘ--- အား ၁၅ရက်ကြာပြီးနောက် ဆေးရုံသို့သွားပြန်ပြရန်ပြောခဲ့ပါသည်။ မြေမြှုပ်မိုင်းထိမှန်သူနှင့်မိသားစုတို့သည် လက်ရှိ ဘားအံမြို့တွင် နေထိုင်ကြပါသည်။

စောဘ---နှင့်မိသားစုတို့သည်  မြေမြှုပ်မိုင်းအန္တရယ်အသိပညာပေးသင်တန်းအား တစ်ကြိမ်မျှမတက်ဖူးကြပဲ လက်နက်

ကိုင်တပ်ဖွဲ့များမှ ၎င်းတို့အား မည်သည့်နေရာများကို ရှောင်ကျဉ်ရမည်ကိုသာ အသိပေးပါသည်။ သို့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့များမှ မည်သည့်နေရာတွင် မြေမြှုပ်မိုင်းကို ထောင်ထားခြင်းနှင့်ပတ်သက်၍ ရွာသားများကို အတိအကျအသိပေးခြင်းမရှိပါ။ အခင်းဖြစ်ပွားချိန်ကတည်း၌ Red Cross Myanmar မှ စောဘ---အား ငွေကြေးထောက်ပံ့မှုအနည်းငယ်ပေးခဲ့ပါသည်။ သို့သော်လည်း ဆေးဝါးကုန်ကျမှုစရိတ်အတွက် လုံလောက်မှုမရှိပါ။ နောက်ပိုင်းတွင် DanChurchAid (DCA) မှ ငွေကြေးထောက်ပံ့မှုအား ကျန်ရှိနေသေးသည့် ဆေးဝါးကုသမှုကုန်ကျစရိတ်နှင့် အခြားကုန်ကျစရိတ်များပေးရန် ထောက်ပံ့ပေးခဲ့ကြသည်။

စောဘ---နှင့်၎င်း၏ဇနီးတို့တွင် ကလေးသုံးဦးရှိပြီး နော်ဂ---၏ မိခင်ကိုပါစောင့်ရှောက်ရပါသည်။ ဇနီးသည်မှ ခင်ပွန်းဖြစ်သူ ခံစားနေရသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သည့်အပြင် မိသားစု၏ အနာဂတ်အတွက် စိုးရိမ်နေပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

သတင်းအချက်အလက်ပေးသူ နော်ဂ--- ၏မှ KHRG အား အချက်အလက်များကိုအသုံးပြုရန် ခွင့်ပြုချက်ပေးထားပါသည်။




ဤဓာတ်ပုံကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် စောဘ---အား ဖာပွန်မြို့ရှိ SAC စစ်တပ်ဆေးရုံသို့ပို့ဆောင်နေသောပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။